၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၅၀ကျပ် K 150

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၈ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် – ၄၇

မန္တလေးခရိုင်တရားရုံး၏ ၂၀၁၇ခုနှစ်၊ တရားမအယူခံမှုအမှတ်–၁၀၆ တွင် ၁၇.၁.၂၀၁၈ရက်နေ့က ချမှတ်သည့် စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှု။

| | | |
|---|---|---|
| ၁။ မသီရိရွှေစင် | နှင့် | ၁။ ဦးခင်မောင်တင့် |
| ၂။ ကိုနေရီလင်း | | ၂။ ဒေါ်စန်းစန်းနွယ်(ခ)ဒေါ်မော်စု |
| ၃။ မထိုက်ရွှေစင် | | |
| ၄။ မနှင်းရွှေစင် | | |
| ၅။ မမြတ်မိုးရွှေစင် | | |
| အယူခံတရားလိုများ | | အယူခံတရားပြိုင်များ |

အယူခံတရားလိုများအတွက် – ဒေါ်ခင်ငွေဝင်း ၊ တရားလွှတ်တော်ရှေ့နေ။

အယူခံတရားပြိုင်များအတွက် – ဦးခင်မောင်ဦး ၊ တရားလွှတ်တော်ရှေ့နေ။

ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်။

**စီ ရင် ချက်**

အမရပူရမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်–၈၉/၂၀၁၄ တွင် ဦးခင်မောင်တင့် ပါ–၂ဦးက တရားပြိုင်မသီရိရွှေစင်ပါ–၅ဦးတို့အပေါ် တရားလိုများပိုင် ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ဆင်တူရိုးမှားပြုလုပ်သည့်တရားပြိုင်များ၏ကုန်အမှတ်တံဆိပ်အားဖျက်ဆီးစေပြီး

-----------------------------------------------------------------------

၁၆.၁၀.၂၀၁၉ရက်နေ့တွင်ကြားနာသည်။

မိတ္တူမှန်

မိတ္တူကူးခေါ်ယူ

ထိုကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချမှုမပြုလုပ်ရန်အတွက် ထာဝရတားဝရမ်းရလိုမှုနှင့် နစ်နာကြေးငွေကျပ်သိန်း(၁၀၀)ရလိုမှုစွဲဆိုရာ တရားပြိုင်များထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်အားဖျက်ဆီးပြီး ထိုကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန်အတွက် ထာဝရတားဝရမ်းထုတ်ပေးစေရန်နှင့် နစ်နာကြေးငွေသိန်း(၃၀)အား တရားပြိုင်များက တရားလိုသို့ပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီရရှိခဲ့သည်။ ထိုစီရင်ချက်နှင့် ဒီကရီကို တရားပြိုင်များကကျေနပ်မှုမရှိသဖြင့် မန္တလေးခရိုင်တရားရုံးသို့ တရားမအယူခံမှုအမှတ်-၁၀၆/၂၀၁၇ကို တင်သွင်းခဲ့ရာ အယူခံမှုကိုစရိတ်နှင့်တကွ ပလပ်ခြင်းခံရသည်။ ထို့ကြောင့် ဤအယူခံမှုကိုတင်သွင်းလာခြင်းဖြစ်သည်။

အဆိုလွှာနှင့် ချေလွှာပါအချက်များကို မူလရုံးနှင့် မန္တလေးခရိုင်တရားရုံးတို့၏ စီရင်ချက်များတွင် ဖော်ပြထားပြီးဖြစ်၍ အသေးစိတ်ဖော်ပြလိုခြင်းမရှိချေ။ အဓိကအချက်မှာ တရားလိုများက ရွှေလွန်းအိမ်ပိုးထည်ကုန်အမှတ်တံဆိပ်အမည်ဖြင့် ပိုးထည်အမျိုးမျိုးနှင့် ပိုးစစ်လွန်းရာကျော်ချိတ်အမျိုးမျိုးတို့ကို ၁၉၈၇ခုနှစ်ကတည်းက ထုတ်လုပ်ရောင်းချခဲ့ပြီး တရားပြိုင်တို့က ရွှေလွန်းအိမ်ပိုးထည်(အမရပူရ)ကုန်အမှတ်တံဆိပ်အမည်ဖြင့် တုပပြုလုပ်ပြီး ၂၀၁၂ခုနှစ်မှစ၍ ထုတ်လုပ်ရောင်းချနေကြောင်း သိရှိရသဖြင့် ဆက်လက်လုပ်ကိုင်ခြင်းမပြုရန်အကြောင်းကြားသော်လည်း လိုက်နာခြင်းမရှိဟုဆိုကာ အမှုစွဲဆိုခြင်းဖြစ်သည်။ ချေလွှာတွင် ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်ဖြင့်ပိုးထည်လုပ်ငန်းကို တရားပြိုင်မထိုက်ရွှေစင်က ၁၉၈၅ခုနှစ်ကစ၍ လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း ချေပထားသည်။

မူလရုံးက ငြင်းချက်(၅)ရပ်ထုတ်နုတ်စစ်ဆေးခဲ့ပြီး တရားပြိုင်တို့၏ကုန်အမှတ်တံဆိပ်မှာ တရားလိုတို့၏ကုန်အမှတ်တံဆိပ်နှင့် အများပြည်သူက မှားယွင်းအသုံးပြုနိုင်လောက်အောင် ဆင်တူရိုးမှားတုပထုတ်လုပ်နေသည်မှာ မှန်ကန်ကြောင်း၊ တရားပြိုင်တို့၏ ကုန်အမှတ်တံဆိပ်ကို တရားလိုတို့၏ကုန်အမှတ်တံဆိပ်ထက်စောပြီး တရားဝင်မှတ်ပုံတင်ခဲ့သည်မှာ မှန်ကြောင်း၊ တရားပြိုင်တို့က တရားလိုတို့၏ကုန်အမှတ်တံဆိပ်ကို တုပထုတ်လုပ်သဖြင့် တရားလို၏စီးပွားရေးထိခိုက်နစ်နာရသည်မှာ မှန်ကြောင်း၊ တရားလိုတို့အနေဖြင့် ထာဝရတားဝရမ်းနှင့် နစ်နာကြေးငွေကျပ်သိန်း(၃၀)ကိုရထိုက်ကြောင်းသုံးသပ်ကာ ဒီကရီချထားပေးခြင်းဖြစ်သည်။

ခရိုင်တရားရုံးတွင် အယူခံတရားလိုဖြစ်သည့် မူလရုံးတရားပြိုင်တို့က ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ် ၃၆နှင့် အမှတ်စဉ် ၄၀တို့အရ ကာလစည်းကမ်းသတ်ကျော်လွန်သည်ဆိုသောအချက်ကိုပါ တင်ပြခဲ့သည်။ ခရိုင်တရားရုံးက စွဲဆိုသည့်အမှုမှာ လျော်ကြေးငွေ သို့မဟုတ် နစ်နာကြေးငွေသက်သက်ရလိုကြောင်းစွဲဆိုခြင်းမဟုတ်၍ အဆိုပါအမှတ်စဉ်တို့တွင်အကျုံးဝင်ခြင်းမရှိဘဲ အမှတ်စဉ် ၁၂၀နှင့်သာသက်ဆိုင်ကြောင်း၊ ကုန်အမှတ်တံဆိပ်ကိုမှတ်ပုံတင်

တာဝန်ခံမိတ္တူမှန်

မှ xxx



မိတ္တူကူးစာရေး

သည့် ၂၀၁၇ပြည့်နှစ်ကတွက်လျှင် ကာလစည်းကမ်းသတ်(၆)နှစ်ကိုကျော်လွန်ခြင်းမရှိကြောင်း၊ **"ဦးကျော် နှင့် ဦးဘခေး"**(၁) အမှုတွင်ထုံးဖွဲ့ချက်အရ ရွှေလွန်းအိမ်အမည်ကို မည်သူကစတင်အသုံးပြုခဲ့သည်ဆိုသောအချက်ကိုစိစစ်ရမည်ဖြစ်ကြောင်း၊ နှစ်ဖက်တင်ပြသည့် နှုတ်သက်သေခံချက်များမှာ အပြိုင်ဖြစ်လျက်ရှိကြောင်း၊ တရားလိုဘက်တင်ပြသည့် ၂၁.၉.၁၉၉၇ရက်စွဲပါ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ အကြောင်းကြားစာ သက်သေခံ(က)တွင် "ဒေါ်မော်စု(ပိုင်ရှင်)ရွှေလွန်းအိမ်ရာကျော်အချိတ်ယက္ကန်း"ဟုဖော်ပြပါရှိကြောင်း၊ ယင်းစာအရ တရားလိုတို့သည် ကုန်အမှတ်တံဆိပ်ကို ၁၉၉၇ခုနှစ်ကတည်းက သုံးစွဲခဲ့သည်ဟုကောက်ယူနိုင်ကြောင်း၊ တရားပြိုင်၏ဖခင်အမည်ဖြင့် ထုတ်ပေးထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်မှာ ၂၀၁၁ခုနှစ်က ထုတ်ပေးထားခြင်းဖြစ်ကြောင်း၊ ဤအခြေအနေတွင် တရားလိုတို့က စတင်အသုံးပြုခြင်းဖြစ်သည်ဟု မူလရုံးကဆုံးဖြတ်သည်မှာ မှားယွင်းခြင်းမရှိကြောင်း၊ ကုန်အမှတ်တံဆိပ်နှစ်ခုအား နှိုင်းယှဉ်ကြည့်ရှုလျှင် ထပ်တူထပ်မျှတူညီခြင်းမရှိသော်လည်း ရွှေလွန်းအိမ်ဆိုသော အမည်တစ်ခုတည်းကိုအဓိကထား၍ အမျိုးအမည်တူသောပစ္စည်းကိုထုတ်လုပ်ရောင်းချနေကြခြင်းဖြစ်ရာသာမန်ပြည်သူများအနေဖြင့် အထင်အမြင်မှားနိုင်သည့်အနေအထားဖြစ်ကြောင်း၊ တရားလိုတို့က တရားပြိုင်တို့ထက်အရင်သုံးစွဲခဲ့ခြင်းဖြင့် အဆိုပါကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့် သို့မဟုတ် အခွင့်အရေးရရှိထားပြီးဖြစ်ရာ တရားပြိုင်တို့က ထုတ်လုပ်ရောင်းချခွင့်ရှိမည်မဟုတ်ကြောင်း သုံးသပ်အတည်ပြုထားသည်။

အယူခံတရားလိုများ၏ရှေ့နေက စီရင်ထုံးများတွင် ညွှန်ပြချက်အရ ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍စောစီးစွာသုံးစွဲသူသည် နောက်မှသုံးစွဲသူအပေါ် မူပိုင်ခွင့်အသာစီးရရှိမှုရှိကြောင်း၊ ရွှေလွန်းအိမ်ပိုးထည်လုပ်ငန်းအမည်ကို တရားလိုတို့က ၁၉၈၇ခုနှစ်တွင် သုံးစွဲသည်ဟုအဆိုပြုထားပြီး တရားပြိုင်တို့က ၁၉၈၅ခုနှစ်မှစ၍ သုံးစွဲခဲ့သည်ဟုချေပထားကြောင်း၊ အချင်းဖြစ်ကုန်အမှတ်တံဆိပ်ကိုအသုံးပြုရန်အတွက် တရားလိုများက ၂၀၁၁ခုနှစ်တွင် မှတ်ပုံတင်ခဲ့ခြင်းဖြစ်ပြီး တရားပြိုင်မထိုက်ရွှေစင်က ၂၀၁၀နှင့် ၂၀၁၂ခုနှစ်တို့တွင် မှတ်ပုံတင်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားပြိုင်တို့က တရားလိုထက်စော၍ မှတ်ပုံတင်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုဒေါ်မော်စုက လွန်ခဲ့သည့် နှစ်(၂၀)ကျော်ကတည်းက ရွှေလွန်းအိမ်အမည်ဖြင့် ထုတ်လုပ်ရောင်းချခဲ့ပြီး တရားပြိုင်များက နောက်မှဖြစ်သည်ဟုထွက်ဆိုသော်လည်း ပြန်လှန်စစ်မေးရာတွင် တရားပြိုင်တို့မှာ လွန်ခဲ့သောနှစ်ပေါင်း(၃၀)ခန့်က တရားလိုထက်စော၍လုပ်ကိုင်ခဲ့သည်ကိုသိရှိပါသည်ဟုထွက်ဆိုထားကြောင်း၊ ယင်းထွက်ဆိုချက်အပေါ် ပြန်လည်ရှင်းလင်းစစ်မေးထားခြင်းမရှိကြောင်း၊ သက်သေခံအက်ဥပဒေပုဒ်မ ၁၇၊ ၁၈၊ ၂၁တို့

---

တာဝန်ခံမိတ္တူမှန်

၁။ ၁၉၆၂ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားရုံးချုပ်)၊ စာ-၁၈၇။

မိတ္တူကူးစာရေး

အရ တရားလိုတို့၏ဝန်ခံချက်အဖြစ် ထည့်သွင်းသုံးသပ်နိုင်ကြောင်း၊ ယင်းအချက်ကို သုံးသပ်ခြင်းမရှိသည်မှာ တရားပြိုင်များအတွက် များစွာနစ်နာကြောင်း၊ တရားလိုကိုယ်တိုင်၏ဝန်ခံချက်အရ ကုန်အမှတ်တံဆိပ်ကိုစတင်အသုံးပြုသူမှာတရားပြိုင်တို့ဖြစ်သဖြင့်၎င်း၏အမှုကိုပလပ်ရမည်ဖြစ်ကြောင်း၊ တရားပြိုင်တို့က ဖခင်ဦးအေးကြွယ်အမည်ဖြင့် အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၁၉၉၅ ခုနှစ်က ထုတ်ပေးထားသည့်လုပ်ငန်းလိုင်စင်ကို တင်ပြနိုင်ခဲ့ရာ တရားလိုတင်ပြသည့် ၁၉၉၇ခုနှစ်ထက် စောကြောင်း၊ ဌာနဆိုင်ရာများက လုပ်ငန်းရှင်အမည်ကိုရေးသားခဲ့ခြင်းဖြစ်ပြီး ကုန်အမှတ်တံဆိပ်အမည်ကို ရေးသားလေ့မရှိဟုသက်သေခံစာရွက်စာတမ်းများအရတွေ့ရှိရကြောင်း၊ ရွှေလွန်းအိမ်ဟူသောကုန်အမှတ်တံဆိပ်ကိုသုံးစွဲရာတွင် တရားလိုနှင့် တရားပြိုင်တို့၏ကုန်အမှတ်တံဆိပ်ပြုလုပ်ထားမှုနှင့် ထုပ်ပိုးမှုပုံစံများမှာ လုံးဝတူညီခြင်းမရှိကြောင်း၊ ထင်ယောင်ထင်မှားဖြစ်စေသည်ဟုဆုံးဖြတ်သည်မှာ မှန်ကန်မှုမရှိကြောင်း၊ ၂၀၁၁ခုနှစ်ကထုတ်ဝေသည့် Fashion မဂ္ဂဇင်းတွင် နှစ်ဖက်လုံးက ကြော်ငြာထည့်သွင်းထားမှုရှိသဖြင့် တရားပြိုင်လုပ်ကိုင်နေသည်ကို တရားလိုကသိရှိခြင်းမရှိ ဟု ငြင်းဆန်မရနိုင်ကြောင်း၊ တရားပြိုင်မှတ်ပုံတင်သည်မှာ ၂၀၁၀ပြည့်နှစ်ကဖြစ်ကြောင်း၊ မူပိုင်ခွင့်ကို ကျူးလွန်သည့်အတွက် လျော်ကြေးရလိုမှုမှာ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၄၀အရ သက်ဆိုင်သည်ဖြစ်၍ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးဖြစ်ကြောင်း၊ ၂၁.၁. ၁၉၉၇ရက်စွဲပါတွင် သက်ဆိုင်ရာဌာနမှထုတ်ပေးသည့်လက်ရေးနှင့် ဒေါ်မော်စုပြန်ကြားထားသည့် လက်ရေးတို့မှာ တစ်ထပ်တည်းတူညီလျက်ရှိကြောင်း၊ ထိုစာကိုသက်ဆိုင်ရာဌာနကသက်သေခံတင်သွင်းထားခြင်းမဟုတ်ကြောင်း၊ ထိုစာအရတရားလိုတို့ကစောသည်ဟုတထစ်ချကောက်ယူရန်မသင့်ကြောင်း၊ တရားပြိုင်များက စတင်အသုံးပြုသည်ဟုပေါ်ပေါက်သဖြင့် မူလရုံးတရားလိုစွဲဆိုသည့် အမှုကိုပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက မထိုက်ရွှေစင်၏အမည်ဖြင့် မှတ်ပုံတင်သည်မှာ တရားလိုတို့မှတ်ပုံတင်သည်ထက်(၇)လကျော်ခန့်စောသည်ကိုတွေ့ရသော်လည်း ယင်းအချက်မျှဖြင့် တရားပြိုင်များက ကုန်အမှတ်တံဆိပ်ကိုဦးစွာအသုံးပြုသည်ဟုသတ်မှတ်နိုင်မည် မဟုတ်ကြောင်း၊ **"ဦးကျော်"**[၁] အမှုနှင့် **"ဦးတင်လတ်(ခ)ဦးစိုင်းလတ်ပါ-၂ နှင့် ဦးကျော်ငြိမ်း"**[၂] အမှုတွင် ထုံးဖွဲ့ချက်အရ ရှေးဦးအသုံးပြုသူက ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ သက်သေခံ(က)စာတွင် ရွှေလွန်းအိမ်အမည်ပါရှိပြီး ၂၁.၁.၁၉၉၇ရက်စွဲပါရှိကြောင်း၊ တရားပြိုင်ဘက်တင်ပြသည့်စာရွက်စာတမ်းများတွင် ရွှေလွန်းအိမ်အမည်ပါရှိခြင်းမရှိကြောင်း၊ တရားလိုအနေဖြင့် အစိုးရဌာနများနှင့်ဆက်သွယ်ရာတွင် ၁၉၉၇ခုနှစ်ကပင်ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်ကိုအသုံးပြုနေသည်မှာထင်ရှားကြောင်း၊ တရား

---

၂။ ၂၀၁၁ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၂၆။

ထိုပြသက်သေ ဒေါ်ခင်မြင့်ဦး၊ ဦးကျော်ကျော်၊ ဦးမောင်မောင်ခိုင်၊ ဒေါ်ရင်အေး၊ ဦးခင်အောင် တို့က တရားလို၏တံဆိပ်ပြချက်ကိုထောက်ခံထွက်ဆိုထားကြောင်း၊ မထိုက်ရွှေစင်က မိဘလက်ထက် ၁၉၈၅ ခုနှစ်ကစ၍အသုံးပြုခဲ့သည်ဟုဆိုသော်လည်း တရားပြိုင်ပြသက်သေများက ရွှေလွန်းအိမ်အမှတ်တံဆိပ်ကို မည်သည့်ခုနှစ်ကစတင်လုပ်ကိုင်ခဲ့သည်ဟုထောက်ခံထွက်ဆိုနိုင်ခြင်းမရှိကြောင်း၊ သက်သေခံချက်များကိုအပြိုင်တင်ပြထားရှိရာသက်သေခံ(က)အရ တရားလိုက ထင်သာမြင်သာလုပ်ကိုင်ခဲ့သည်မှာ ပေါ်လွင်လျက်ရှိကြောင်း၊ တရားလိုဒေါ်မော်စုအား ပြန်လှန်စစ်မေးရာတွင် ထွက်ဆိုသည့်အချက်မှာ ဝန်ခံချက်မမည်ကြောင်း၊ အမရပူရမြို့ဈေးထဲတွင် ဈေးရောင်းသည်ကိုမေးသည်အထင်နှင့် ဖြေကြားထားခြင်းဖြစ်ကြောင်း၊ တိကျသည့်ဝန်ခံချက်ရရှိရန် တိတိကျကျမေးမြန်းခြင်းမဟုတ်ကြောင်း၊ တရားပြိုင်ဘက်အနေဖြင့် ၁၉၈၅ခုနှစ်ကတည်းက အချင်းဖြစ်ကုန်အမှတ်တံဆိပ်အားအသုံးပြုနေသည်ဆိုသောစာတမ်းအမှတ်အသားကိုတင်ပြနိုင်ခြင်းမရှိကြောင်း၊ တရားပြိုင်တို့သည် တရားလိုတို့၏ "ရွှေလွန်းအိမ်အမည်ကို တုပအသုံးပြုထားခြင်းဖြစ်ကြောင်း၊ (Logo)အမှတ်အသားထားရှိသည်မှာလည်းဆင်တူရိုးမှားဖြစ်လျက်ရှိကြောင်း၊ တရားလိုပြသက်သေများ၏ထွက်ဆိုချက်အရ အမရပူရမြို့တွင် ယခင်ကရွှေလွန်းအိမ်အမည်ဖြင့်အထည်လုပ်ငန်းမရှိခဲ့ဘဲလွန်ခဲ့သည့် (၅)နှစ်ခန့်ကမှတွေ့ရှိရသည်ဟု ပေါ်ပေါက်ကြောင်း၊ တရားလိုဦးခင်မောင်တင့်ကို ပြန်လှန်စစ်မေးစဉ်က တရားလိုများအသုံးပြုသောကုန်အမှတ်တံဆိပ်နှင့် ထပ်တူညီသည်ဟုဆိုကာ စစ်ကိုင်းမြို့နယ်တရားရုံးတွင်တရားစွဲဆိုထားမှုရှိသည်ဟု ဖော်ထုတ်မေးမြန်းချက်အရ ကုန်အမှတ်တံဆိပ်ကို ဆင်တူရိုးမှားအသုံးပြုလျက်ရှိသည်ဟုသတ်မှတ်နိုင်ကြောင်း၊ ကုန်အမှတ်တံဆိပ်ကိုတုပအသုံးပြုသည်ဟု မူလရုံးနှင့် ခရိုင်တရားရုံးတို့က ထပ်တူဆုံးဖြတ်ထားသည်မှာ မှားယွင်းမှုမရှိကြောင်း၊ တရားလိုစွဲဆိုသည့်အမှုမှာ လျော်ကြေးငွေသက်သက်ရလိုကြောင်းစွဲဆိုခြင်းမဟုတ်ဘဲ ထာဝရတားဝရမ်းရလိုမှုနှင့် နစ်နာကြေးငွေရလိုမှုစွဲဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ်မှာ အမှတ်စဉ် ၁၂၀နှင့်သာသက်ဆိုင်ကြောင်း၊ ကာလစည်းကမ်းသတ်(၆)နှစ်အတွင်းကျရောက်မှုရှိသဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်မှုမရှိကြောင်း၊ အယူခံမှုကိုပလပ်သင့်ကြောင်းလျှောက်လဲတင်ပြသည်။

ကာလစည်းကမ်းသတ်ပြဿနာမှာ အမှုကိုအဆုံးအဖြတ်ပေးနိုင်သောအချက်ဖြစ်၍ ယင်းကို ဦးစွာသုံးသပ်လိုသည်။ ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ် ၄၀တွင် "မူပိုင်ကိုကျူးလွန်သည့်အတွက်ဖြစ်စေ၊ တစ်ဦးတည်း ပိုင်အခွင့်ကိုကျူးလွန်သည့်အတွက်ဖြစ်စေ လျော်ကြေးငွေရလိုမှု"ကို ကျူးလွန်သည့်နေ့ရက်ကစ၍ (၃)နှစ်အတွင်းစွဲဆိုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

တရားလိုက ၎င်း၏ကုန်အမှတ်တံဆိပ်ကို တရားပြိုင်များက တုပသုံးစွဲသည်ဟု ဆိုကာ ထာဝရတားဝရမ်းထုတ်ပေးစေလိုမှုနှင့် ထိုသို့တုပသုံးစွဲသည့်အတွက် နစ်နာရသောကြောင့်

တာဝန်ခံမိတ္တူမှန်

မိတ္တူကူးစာရေး

နစ်နာကြေးငွေရလိုမှုဟူ၍ သက်သာခွင့်နှစ်ရပ်တောင်းခံစွဲဆိုခြင်းဖြစ်သည်။ ဒုတိယသက်သာခွင့်မှာ ၎င်း၏ကုန်အမှတ်တံဆိပ်အား တုပမှုပြုသည့်အတွက် နစ်နာကြေးရလိုကြောင်းတောင်းဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ်ရေတွက်ရန်မှာ အမှတ်စဉ် ၄၀နှင့်သက်ဆိုင်မည်ဖြစ်သည်။

တရားလိုများက အချင်းဖြစ်ကုန်အမှတ်တံဆိပ်ကိုမှတ်ပုံတင်သည့် ၇.၄.၂၀၁၁ ရက်နေ့က စတင်ရေတွက်လျှင် ၁၀.၁၀. ၂၀၁၄ရက်နေ့၌ အမှုစွဲဆိုသည်မှာနစ်နာကြေးငွေရလိုမှုအတွက် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။ သို့ဖြစ်ရာနစ်နာကြေးငွေ ကျပ်သိန်း(၃၀)ပေးစေရန်ဒီကရီချမှတ်သည်မှာ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၃နှင့်ဆန့်ကျင်လျက်ရှိသဖြင့် အထင်အရှားမှားယွင်းလျက်ရှိသည်ဟုဆိုရမည်ဖြစ်သည်။

ကုန်အမှတ်တံဆိပ်ကိုတုပသုံးစွဲသည့်အတွက်ထာဝရတားဝရမ်းရလိုမှုကိုစွဲဆိုရန် ပထမဇယားတွင် အတိအလင်းပြဋ္ဌာန်းချက်မပါရှိချေ။ အမှတ်စဉ် ၁၂၀တွင် "ဤဇယား၏အခြားနေရာများတွင် စည်းကမ်းသတ်ကာလအပိုင်းအခြားပြဋ္ဌာန်းချက်မပါသည့် တရားမကြီးမှု"ကို "တရားစွဲဆိုပိုင်ခွင့်ရရှိသည့်အခါကစ၍" (၆)နှစ်အတွင်းစွဲဆိုရမည်ဖြစ်ကြောင်းပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ အမှတ်စဉ် ၁၂၀ အရ ရေတွက်ရန်ဖြစ်သည်။ အဆိုပါအမှတ်စဉ်အရဆိုပါက တားဝရမ်းရလိုမှုအတွက် အမှုစွဲဆိုသည်မှာ ကာလစည်း ကမ်းသတ်ကျော်လွန်မှုမရှိဟုလက်ခံရမည်ဖြစ်သည်။ တရားလိုက သက်သာခွင့်နှစ်ရပ်ပေးရန်တောင်းဆိုရာတွင် လျော်ကြေးတောင်းဆိုသည့်ကိစ္စအတွက် ကာလစည်းကမ်းသတ်ကျော်လွန်သည့်ကိစ္စမှာ ထာဝရတားဝရမ်းတောင်းဆိုမှုအပေါ် တားဆီးပိတ်ပင်မှုမရှိသောကြောင့် တရားလိုစွဲဆိုသည့်အမှုတစ်မှုလုံးကို ကာလစည်းကမ်းသတ်အရ ပိတ်ပင်ရန်အကြောင်းမရှိချေ။

ဒုတိယအချက်အနေဖြင့် အချင်းဖြစ်ကုန်အမှတ်တံဆိပ်အား တရားလိုများက စတင်အသုံးပြုခြင်းဖြစ်သည်ဟုမူလရုံးနှင့်ခရိုင်တရားရုံးတို့က တစ်သဘောတည်းလက်ခံဆုံးဖြတ်ထားသည်။ သို့ဖြစ်ရာအထူးလွဲမှားချက်မရှိလျှင် ယင်းဆုံးဖြတ်ချက်အပေါ် ဒုတိယအယူခံရုံးက ဝင်ရောက်စွက်ဖက်ခွင့်မရှိချေ။

ရွှေလွန်းအိမ်ဟူသောကုန်အမှတ်တံဆိပ်ကို မည်သူကစတင်သုံးစွဲသည်ဆိုသော အချက်တွင်နှစ်ဖက်တင်ပြသည့်နှုတ်သက်သေခံချက်များအပြိုင်ဖြစ်လျက်ရှိသည်ဟု မူလရုံးနှင့် အယူခံခရိုင်တရားရုံးတို့ကလက်ခံသုံးသပ်ထားသည်။

၂-တရားလိုဒေါ်မော်စုက ၁၉၈၃ခုနှစ်လောက်စတင်၍ စစ်ကိုင်းမြို့နန်းဦးမြို့သစ်ရပ်တွင်ယက္ကန်းစင်တစ်စင်ထောင်၍ပိုးထည်ယက်လုပ်သည့်လုပ်ငန်းကိုလုပ်ကိုင်ခဲ့ကြောင်း၊ လုပ်ငန်းမကြီးထွားသေးသဖြင့် အမည်မတပ်ခဲ့ကြောင်း၊ ၁၉၈၇ခုနှစ်ခန့်တွင် ယက္ကန်းစင်(၅)စင်ရှိလာပြီး ရွှေလွန်းအိမ်ပိုးထည်အမှတ်တံဆိပ်ဖြင့် ရောင်းချခဲ့ကြောင်း၊ ၁၉၉၇ခုနှစ်လောက်ကစတင်၍ မြို့နယ်စည်ပင်သာယာရုံးတွင် လုပ်ငန်းလိုင်စင်ပြုလုပ်ခဲ့ရကြောင်း၊ ရွှေလွန်းအိမ်အမည်ကို စတင်အသုံးပြုသည့်အချိန်က စစ်ကိုင်းမြို့၊ မန္တလေးမြို့၊ အမရပူရမြို့တို့တွင် အခြားသူတို့က ထိုအမည်ဖြင့်လုပ်ကိုင်

မှန်ကန်ကြောင်း တာဝန်ခံမိတ္တူမှန်

မိတ္တူကူးစာရေး

စာရင်းစစ်

နေခြင်းမရှိကြောင်းတို့ကိုထွက်ဆိုထားသည်။

ဦးသိန်းနိုင်(လိုပြ-၁)က တပ်မတော်တွင်အမှုထမ်းပြီး ၁၉၈၄ခုနှစ်ကထွက်ခဲ့ကာ ပိုးချည်ဆေးဆိုးသည့်လုပ်ငန်းကိုလုပ်ကိုင်ခဲ့ကြောင်း၊ ဒေါ်မော်စုက ပိုးချည်များလာရောက်အပ်နှံမှုရှိပြီး ရွှေလွန်းအိမ်ပိုးထည်လုပ်ငန်းအမည်ဖြင့်ထုတ်လုပ်ရောင်းချနေခြင်းဖြစ်ကြောင်းထွက်ဆိုသည်။

ဒေါ်ရင်အေး(လိုပြ-၂)က ၎င်းမှာအသက်(၁၂)နှစ်အရွယ်ခန့်တွင် ယက္ကန်းလုပ်ငန်းလုပ်ကိုင်ခဲ့သူဖြစ်ပြီး ဒေါ်မော်စုထံသို့ လွန်းနှစ်ရာမိန်းမဝတ်ပိုးထည်များကို ၁၉၈၅ခုနှစ်ကစ၍ပေးသွင်းရောင်းချခဲ့ကြောင်း၊ထိုသို့လုပ်ကိုင်နေစဥ်က ဒေါ်မော်စုသည်ရွှေလွန်းအိမ်အမည်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်းထွက်ဆိုသည်။

ဒေါ်ခင်မြင့်ဦး(လိုပြ-၃)က ဒေါ်မော်စု၏ယက္ကန်းလုပ်ငန်းတွင် ၁၉၈၅ခုနှစ်မှ ၁၉၉၅ခုနှစ်ထိ ယက္ကန်းလုပ်ငန်းကိုလုပ်ကိုင်ခဲ့ကြောင်း၊ ဒေါ်မော်စုမှာ ရွှေလွန်းအိမ်အမည်ဖြင့် လုပ်ကိုင်နေကြောင်းထွက်ဆိုထားသည်။

ဒေါ်ချိုဝင်း(လိုပြ-၄)က ၁၉၈၂ခုနှစ်ကစ၍ ယက္ကန်းလုပ်ငန်းလုပ်ကိုင်ခဲ့ပြီး ဒေါ်မော်စုထံသို့သွားရောက်ရောင်းချခဲ့ကြောင်း၊ ဒေါ်မော်စုမှာ ရွှေလွန်းအိမ်အမည်ဖြင့်ရောင်းချနေခြင်းဖြစ်ကြောင်းထွက်ဆိုထားသည်။

ဦးကျော်ကျော်(လိုပြ-၅)က တရားလိုများမှာ ၁၉၈၅ခုနှစ်ကစ၍ ရွှေလွန်းအိမ်အမည်ဖြင့် လုပ်ကိုင်နေခြင်းဖြစ်ကြောင်းထွက်ဆိုသည်။ ဦးမောင်မောင်နိုင်(လိုပြ-၆)က ၁၉၈၂/၈၃ကစ၍ တရားလိုနှင့်လုပ်ငန်းချင်းဆက်စပ်လုပ်ကိုင်ခဲ့ကြောင်း၊ဒေါ်မော်စုက ၁၉၈၅ခုနှစ်တွင် ရွှေလွန်းအိမ်ဟုအမည်ပေးပြီးလုပ်ကိုင်ခြင်းဖြစ်ကြောင်းထွက်ဆိုသည်။

ဦးခင်အောင်(လိုပြ-၇)က ဒေါ်မော်စုသည် ၁၉၈၀ခုနှစ်လောက်ကစ၍ ယက္ကန်းလုပ်ငန်းလုပ်ကိုင်ခဲ့ကြောင်း၊ လုပ်ငန်းကိုရွှေလွန်းအိမ်ဟုအမည်ပေးကြောင်း၊ အရေးအခင်းမတိုင်မီကပင် လုပ်ကိုင်နေခြင်းဖြစ်ကြောင်းတို့ကို ထွက်ဆိုထားသည်။

အဆိုပါတရားလိုပြသက်သေများကို ပြန်လှန်စစ်မေးရာတွင် တရားပြိုင်တို့၏ မိဘများမှာ ၁၉၈၅ခုနှစ်ကတည်းက ရွှေလွန်းအိမ်အမည်ဖြင့် သစ်သားဆိုင်းဘုတ်စိုက်ထူ၍ ပိုးထည်လုပ်ငန်းလုပ်ကိုင်နေသူဖြစ်သည်ဆိုခြင်းကို မသိရှိကြောင်းထွက်ဆိုထားကြသည်။ ပိုးထည်လုပ်ငန်းလုပ်ကိုင်သည်ဆိုခြင်းမှာ မမှန်ကန်ပါဟုထွက်ဆိုကြခြင်းမရှိချေ။

တရားပြိုင်ဒေါ်ထိုက်ရွှေစင်က မိဘများမှာ ပိုးထည်လုပ်ငန်းကို ၁၉၈၅ခုနှစ်ကစ၍ လက်ယက္ကန်း(၂)စင်ဖြင့် လုပ်ကိုင်ခဲ့ကြောင်း၊ အဘိုးအဘွားတို့မှာ ပိုးကုန်သည်များဖြစ်ကြောင်း၊ မိဘများသည် ရွှေလွန်းအိမ်ပိုးထည်အမည်ဖြင့် သစ်သားဆိုင်းဘုတ်ဖြင့်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖခင်စတင်လုပ်ကိုင်ချိန်တွင် စက်မှုလက်မှုမှတ်ပုံတင်၍လုပ်ကိုင်ခဲ့ပြီး စည်ပင်သာယာတွင်လည်းလုပ်ငန်း

လိုင်စင်လျှောက်ထား၍လုပ်ကိုင်ခြင်းဖြစ်ကြောင်းထွက်ဆိုထားသည်။

ဦးတင်ထွန်း(ပြိုင်ပြ-၁)က တရားပြိုင်၏မိဘများဖြစ်သောဦးအေးကြွယ်မိသားစုသည် ဆီစက်လုပ်ငန်းလုပ်ကိုင်ရင်း ယက္ကန်းလုပ်ငန်းကိုပါပူးတွဲလုပ်ကိုင်ကြောင်း၊ ယက္ကန်းလုပ်ငန်းကို ၁၉၈၈ခုနှစ်ခန့်က လက်ယက္ကန်းဖြင့်လုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ အိမ်ရှေ့တွင်သစ်သားဆိုင်းဘုတ်ဖြင့်ရွှေလွန်းအိမ်ပိုးထည်လုပ်ငန်းဟုတပ်ဆင်ထားသည်ကိုမြင်တွေ့ကြောင်းထွက်ဆိုထားသည်။

ဦးဌေးဌေး(ပြိုင်ပြ-၂)က ဦးအေးကြွယ်တို့သည် ၁၉၈၈ခုနှစ် အရေးအခင်းမတိုင်မီက ဆီစက်လုပ်ငန်းကိုလုပ်ကိုင်ခဲ့ပြီး ၁၉၈၈ခုနှစ်ဝန်းကျင်တွင်ယက္ကန်းလုပ်ငန်းကိုလုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ ရွှေလွန်းအိမ်အမည်ဖြင့် ဆိုင်းဘုတ်တပ်ထားကြောင်းထွက်ဆိုသည်။

ဦးကျော်ကြီး(ပြိုင်ပြ-၃)က ဦးအေးကြွယ်တို့မှာ ပထမတွင်ဆီစက်လုပ်ငန်းကိုလုပ်ကိုင်ပြီးနောက်ပိုင်းတွင် ယက္ကန်းလုပ်ငန်းကိုပါလုပ်ကိုင်ကြောင်း၊ နှစ်ပေါင်းများစွာကြာပြီဖြစ်ပြီး ခုနှစ်ကိုမမှတ်မိကြောင်း၊ ရွှေလွန်းအိမ်အမည်ဖြင့် အသားဆိုင်းဘုတ်တပ်ဆင်ထားကြောင်းထွက်ဆိုသည်။

ဦးသန်းဆွေ(ပြိုင်ပြ-၅)က တရားပြိုင်တို့သည် လွန်ခဲ့သည့်နှစ်များစွာကပင် ရွှေလွန်းအိမ်အမည်ဖြင့် အသားဆိုင်းဘုတ်တပ်ဆင်၍လုပ်ကိုင်ခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်။

နှစ်ဖက်နှုတ်သက်သေခံချက်များကိုကြည့်ပါက အဓိကစစ်မေးချက်တွင် တင်ပြသူဘက်သို့လိုက်ပါ၍ထွက်ဆိုကြသည်ကိုတွေ့ရမည်ဖြစ်သည်။ တရားလိုပြသက်သေဦးသိန်းနိုင်၊ ဒေါ်ရင်အေး၊ ဒေါ်ခင်မြင့်ဦး၊ ဦးကျော်ကျော်၊ ဦးခင်အောင်တို့ကထွက်ဆိုသည့် ၁၉၈၀၊ ၁၉၈၅ခုနှစ်ခန့်ကပင် ဒေါ်မော်စုက ရွှေလွန်းအိမ်ပိုးထည်လုပ်ငန်းအမည်ဖြင့် လုပ်ကိုင်နေသည်ဆိုသောအချက်မှာ ဒေါ်မော်စုကိုယ်တိုင်က ၁၉၈၇ခုနှစ်တွင်မှစတင်အသုံးပြုခဲ့ခြင်းဖြစ်သည်ဆိုသောအချက်နှင့် ညီညွတ်မှုမရှိကြောင်းပေါ်ပေါက်လျက်ရှိသည်။ တရားလိုဘက်သို့ သာသာထိုးထိုးထွက်ဆိုထားသည့်သဘောသက်ရောက်လျက်ရှိသည်။ ထို့အတူ တရားပြိုင်ပြသက်သေဦးတင်ထွန်းက တရားပြိုင်မိဘများမှာ ၁၉၈၀ခုနှစ်ခန့်က လုပ်ကိုင်သည်ကိုမြင်တွေ့သည်ဆိုသောထွက်ဆိုချက်မှာ ၁၉၈၅ခုနှစ်ကစတင်လုပ်ကိုင်သည်ဆိုသော ဒေါ်ထိုက်ရွှေစင်၏ထွက်ဆိုချက်ထက်ပိုလွန်လျက်ရှိကြောင်းတွေ့ရသည်။ နှုတ်သက်သေခံချက်များအရဆိုပါက အချင်းဖြစ်ကုန်အမှတ်တံဆိပ်အားမည်သူကစတင်အသုံးပြုခြင်းဖြစ်သည်ကိုမှန်ကန်စွာပိုင်းခြားသတ်မှတ်ရန်ခဲယဉ်းလျက်ရှိသည်။

တရားလို၊တရားပြိုင်တို့က ၎င်းတို့၏ကုန်ပစ္စည်းကိုမဂ္ဂဇင်းများတွင်ထည့်သွင်းကြော်ငြာခဲ့ပြီးကြော်ငြာပါရှိသည့်မဂ္ဂဇင်းများကိုသက်သေခံ(စ)၊ (စ-၁)နှင့်သက်သေခံ(၃၀)မှ (၃၆)ထိတင်ပြထားရှိသည်။

သက်သေခံ(၃၁)အဖြစ်တင်ပြထားသည့် for lady Myanmar fashion Catalogue No.02 တွင် ရွှေလွန်းအိမ်ပိုးထည်(အမရပူရ)မှထုတ်လုပ်သည့်ဝတ်စုံကို Cover dress အဖြစ်ဖော်ပြ

တာဝန်ခံမိတ္တူမှန်
မိတ္တူကူးခပေး

ထားသည်။ ယင်း cover dress နှင့်စပ်လျဉ်း၍ထုတ်လုပ်သူနှင့်တွေ့ဆုံမေးမြန်းဖြေဆိုချက်ကိုထည့်သွင်းဖော်ပြထားရာတွင် "ကိုယ်ပိုင်ယက္ကန်းစင်နှင့်ယက်လုပ်တာလား"ဟု မေးမြန်းချက်အပေါ် "ယက္ကန်းစင်က ကိုယ်ပိုင်ယက္ကန်းစင်၊ ပိုးထည်လုပ်ငန်းက အဖိုးအဖွားတွေလက်ထက်ကတည်းက လုပ်ခဲ့တာ၊ မိရိုးဖလာလုပ်ငန်းပေါ့"ဟုဖြေဆိုချက်ပါရှိသည်ကိုတွေ့ရှိရသည်။ ယင်းစာအုပ်ကို မည်သည့်နှစ်ကထုတ်ဝေသည်ဟုမတွေ့ရှိရသော်လည်း နောက်ကျောတွင် "၂၀၁၂နောက်ဆုံးပေါ် အိန္ဒိယနောက်ဆုံးပေါ်တိုင်းမင်္ဂလာဝတ်စုံသစ်များရောက်ရှိနေပါပြီ"ဟူသောစာသားဖြင့် မင်္ဂလာဝတ်စုံကြော်ငြာအရ ၂၀၁၂ခုနှစ်ကထုတ်ဝေသည့် စာအုပ်ဖြစ်သည်ဟုတွေ့ရှိရသည်။ ယင်းစာအုပ်ပါဖော်ပြချက်မှာ ယခုအချင်းဖြစ်အမှုမတိုင်မီကပင် တရားပြိုင်ဘက်ကပြောဆိုထားသည့်အချက်ဖြစ်သည်။ တရားပြိုင်တို့၏မိဘများလက်ထက်ကပင် ပိုးထည်လုပ်ငန်းကိုလုပ်ကိုင်လာခဲ့ခြင်းဖြစ်သည်ဆိုသောချေပတင်ပြချက်မှာ အမှုအခင်းဖြစ်လာသည့်အခါမှ နောက်မှအကြံရပြီး ထုတ်ဖော်ပြောဆိုချက်ဖြစ်သည်ဟုမဆိုသာချေ။

တရားလိုဒေါ်မော်စုကို ပြန်လှန်စစ်မေးရာ၌ တရားပြိုင်တို့၏မိဘများမှာ ၁၉၈၅ခုနှစ်ကစတင်၍ ပိုးထည်လုပ်ကိုင်နေသည်ကို မသိကြောင်း၊ မိမိ၏ပိုးထည်လုပ်ငန်းကို ၁၉၈၇ခုနှစ်က လုပ်ကိုင်နေသည်မှာ အမည်မပေးဘဲလုပ်ကိုင်နေခြင်းဖြစ်သည်ဆိုလျှင်မှန်ကန်ကြောင်း၊ အမရပူရရွှေလွန်းအိမ်ကိုသိသည်မှာ ပိုးကျစ်သည့်ဦးကွမ်း၏နေအိမ်သို့သွားရောက်ရာမှလှမ်းကြည့်ခဲ့၍သိရှိခြင်းဖြစ်ပြီး ၁၉၉၈ခုနှစ်ကဖြစ်ကြောင်း၊ စစ်ကိုင်းရွှေလွန်းအိမ်ကိုလုပ်ကိုင်နေသည်မှာ နှစ်ပေါင်း(၂၀)ကျော်ရှိပြီဖြစ်ကြောင်း၊ အမရပူရရွှေလွန်းအိမ်မှာ မိမိတို့ထက်စောပြီးလွန်ခဲ့သည့်နှစ်(၃၀)ကျော်က လုပ်ကိုင်နေသည်ဆိုခြင်းကိုသိရှိကြောင်းစသည်ဖြင့် ဖြေဆိုထားချက်များပါရှိသည်။

ပြန်လည်ရှင်းလင်းစစ်မေးရာတွင် ၁၉၈၇ခုနှစ်က အမည်မပေးဘဲလုပ်ကိုင်နေခြင်းဖြစ်သည်ဆိုသောအချက်အပေါ်ရှင်းလင်းစစ်မေးထားသော်လည်းအထက်တွင်ကောက်နုတ်ဖော်ပြသည့်ကျန်ထွက်ဆိုချက်များအတွက်ရှင်းလင်းစစ်မေးထားမှုမရှိကြောင်းတွေ့ရသည်။

တရားပြိုင်တို့၏အမရပူရရွှေလွန်းအိမ်က လွန်ခဲ့သည့်နှစ်(၃၀)ကျော်ကတည်းက လုပ်ကိုင်နေသည်ကိုတရားလိုသိရှိသည်ဆိုသောထွက်ဆိုချက်မှာ တရားလို၏အတိအလင်းဝန်ခံချက်ဖြစ်သည်ဟုမှတ်ယူရန်မသင့်သော်လည်း အမျိုးမျိုးကွဲလွဲထွက်ဆိုနေသည်ကိုညွှန်ပြရာရောက်သည်။

ဒေါ်မော်စုက တရားပြိုင်များလုပ်ကိုင်နေသည်ကို ၁၉၉၈ခုနှစ်ကတည်းက မြင်တွေ့သိရှိသည်ဟုဆိုထားရာအချိန်ကာလမှာသက်သေခံ(က)တွင်ပါရှိသည့်တရားလိုများလုပ်ကိုင်သည်ဆိုသော ၁၉၉၇ခုနှစ်ကာလနှင့်များစွာကွာခြားမှုမရှိဟုဆိုရမည်ဖြစ်သည်။ ၁၉၉၈ခုနှစ်ကမြင်တွေ့သည်ဆိုသောအချက်အရ ထိုကာလ၏ရှေ့ကျသောအချိန်ကပင် လုပ်ကိုင်နေသည်ဆိုသော တရားပြိုင်ဘက်တင်ပြချက်မှာ သဘာဝယုတ္တိကင်းမဲ့သည်ဟုဆိုရန်ခဲယဉ်းသည်။

တာဝန်ခံမိတ္တူမှန်

မိတ္တူကူးစာရေး

သို့ဖြစ်ရာ တရားပြိုင်ဘက်အနေဖြင့်လည်း ယခင်ကပင် ပိုးထည်လုပ်ငန်းကိုလုပ်ကိုင်မှုရှိပြီး အမှုတွင်တင်ပြသကဲ့သို့အချင်းဖြစ်ကုန်အမှတ်တံဆိပ်ကို တရားလိုကဲ့သို့ပင်သုံးစွဲနေခြင်းဖြစ်သည့်ဟုဆိုရန်ရှိသည်။

**"ဦးကျော်"**(၁) အမှုတွင်ထုံးဖွဲ့ချက်အရ ကုန်အမှတ်တံဆိပ်ကိုဦးစွာသုံးစွဲသူက ပိုမိုသာလွန်သည့်အခွင့်အရေးကိုရထိုက်မည်ဖြစ်သော်လည်း တရားလိုအနေဖြင့် မိမိကရှေးဦးစွာအသုံးပြုခြင်းဖြစ်သည်ကိုအခိုင်အမာပြသရန်လိုအပ်မည်ဖြစ်သည်။

မူလရုံးနှင့် ပထမအယူခံရုံးတို့က သက်သေခံ(က)စာကိုအခြေပြု၍ ထာဝရတားဝရမ်းထုတ်ဆင့်ပေးရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ယင်းစာမှာ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းမြို့နယ်ရုံးက ၂၁.၁.၁၉၉၇ရက်စွဲဖြင့်ထုတ်ပေးသည့်စာဖြစ်ပြီး တရားလို၏ အမည်နှင့် ရွှေလွန်းအိမ်လွန်းရာကျော်အချိတ်ယက္ကန်းဟုဖော်ပြပါရှိသည်။ ထိုနေ့ရက်ထက်စောသော စာတမ်းအမှတ်အသားကို နှစ်ဖက်တို့ကတင်ပြနိုင်ခြင်းမရှိချေ။

သက်သေခံ(က)စာကိုတင်ပြစဉ်ကတရားပြိုင်ဘက်မှကန့်ကွက်ခဲ့မှုမရှိချေ။ ယင်းစာမှာတရားလိုနှင့် တရားပြိုင်တို့အကြားဆက်သွယ်ပြုလုပ်ထားသည့်ကိစ္စမဟုတ်ကြောင်းတွေ့ရသည်။ သို့ဖြစ်ရာ ထိုသို့ကန့်ကွက်မှုမရှိသည့်အချက်ကြောင့် စာပါအကြောင်းအရာမှာတထစ်ချမှန်ကန်သည်ဟုလက်ခံရန်မဟုတ်ချေ။ **"ဦးသာကြွ နှင့် ဒေါ်ကြိုင်ပါ-၂"**(၃) အမှုတွင်စာတမ်းအမှတ်အသားတစ်ခုကို တရားရုံးကသက်သေခံအဖြစ်လက်ခံရုံမျှဖြင့်သက်သေခံဝင်ခြင်းမရှိဘဲ သက်သေခံအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီသက်သေထင်ရှားပြရမည်ဟုညွှန်ပြထားသည်။ တရားလိုအနေဖြင့် သက်သေခံ(က)စာမှာစာတွင်ဖော်ပြပါရှိသည့်ဌာနက တရားဝင်ထုတ်ပေးခဲ့ခြင်းဖြစ်သည်ဆိုသောအချက်ကိုထင်ရှားအောင် ထောက်ခံသည့်သက်သေခံချက်ကိုတင်ပြထားခြင်းမရှိချေ။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄တွင်တရားပြိုင်သည် ပစ္စည်း၌ တရားလို၏ အခွင့်အရေးကိုဖြစ်စေ၊ ခံစားခွင့်ကိုဖြစ်စေ ထိပါးလျှင်သော်လည်းကောင်း၊ ခြိမ်းခြောက်လျှင်သော်လည်းကောင်း တရားရုံးသည်ထာဝရတားဝရမ်းကို ခွင့်ပြုနိုင်ကြောင်းပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ တားဝရမ်းထုတ်ဆင့်ရမည့်ကိစ္စတွင် တရားလို၏အခွင့်အရေးသို့မဟုတ်ခံစားခွင့်သည် အထင်အရှားတည်ရှိရန်လိုအပ်မည်ဖြစ်သည်။ထာဝရတားဝရမ်းရရှိထိုက်ကြောင်းကို သက်သေခံအက်ဥပဒေပုဒ်မ ၁၀၁အရ တောင်းဆိုသူတရားလိုကသက်သေထင်ရှားပြရန်ဖြစ်သည်။ တရားပြိုင်ဘက်က ၎င်းတို့တွင် အဆိုပါအခွင့်အရေးရှိကြောင်းမပြနိုင်ရုံမျှဖြင့် တရားလိုက အနိုင်ရထိုက်

---

၃။ ၁၉၈၁ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၉၄။

မည်မဟုတ်ချေ။

မူလအမှုတွင်အချင်းဖြစ်ကုန်အမှတ်တံဆိပ်ကိုတရားလိုက တရားပြိုင်တို့ထက်ဦးစွာ သုံးစွဲခြင်းဖြစ်သည်ဟုကောက်ယူရန်မှာ သက်သေခံ(က)စာတွင်ဖော်ပြချက်မှအပ အခြားခိုင်လုံသည့် အထောက်အထားမရှိကြောင်းပေါ်ပေါက်သည်။ နှစ်ဦးလုံးတို့ကအဆိုပါကုန်အမှတ်တံဆိပ်ကို အပြိုင် သဘောဖြင့်အသုံးပြုနေခဲ့ကြသည်ဟုမှတ်ယူနိုင်သည့်အချက်များလည်းရှိနေသည်။ နောက်ပိုင်းတွင် ကုန်အမှတ်တံဆိပ်ကိုမှတ်ပုံတင်သွင်းကြကာ အပြိုင်အဆိုင်ထုတ်လုပ်ရောင်းချကြလျက်ရှိသည်။ ကုန်အမှတ်တံဆိပ်ကိုမည်သူကစတင်သုံးစွဲခြင်းဖြစ်သည်ဟု အတိအလင်းကောက်ယူနိုင်မှုမရှိဘဲ သက်သေခံချက်များအပြိုင်တည်ရှိနေသည့်အခြေအနေတွင် ထာဝရတားဝရမ်းထုတ်ပေးခြင်းထက် ထုတ်ပေးရန်ငြင်းပယ်ခြင်းကသာပို၍တရားမျှတမှုရရှိစေမည်ဖြစ်သည်။

တရားလိုဘက်က အချင်းဖြစ်ကုန်အမှတ်တံဆိပ်ကိုရှေးဦးစွာသုံးစွဲခဲ့ကြောင်း တိကျ ခိုင်မာသည့်သက်သေခံချက်တင်ပြနိုင်ခြင်းမရှိပါဘဲလျက် ထာဝရတားဝရမ်းထုတ်ဆင့်ပေးသည်မှာ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄နှင့်ညီညွတ်မှုရှိသည်ဟုမဆိုနိုင်သောကြောင့် အဆိုပါအမိန့် အပေါ် ဝင်ရောက်စွက်ဖက်ရမည်ဖြစ်သည်။

ထို့ကြောင့် ဤတရားမဒုတိယအယူခံမှုကို ခွင့်ပြုသည်။ အမရပူရမြို့နယ်တရားရုံး၏ ၁၇.၁၀.၂၀၁၇ရက်စွဲပါစီရင်ချက်နှင့်ဒီကရီ၊ ယင်းကိုလက်ခံအတည်ပြုသော မန္တလေးခရိုင်တရားရုံး၏ ၁၇.၁.၂၀၁၈ရက်စွဲပါစီရင်ချက်နှင့် ဒီကရီတို့ကိုပယ်ဖျက်ပြီး မူလရုံးတရားလိုများစွဲဆိုသည့်အမှုကို တရားရုံးအဆင့်ဆင့်၏စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ၄၅၀၀ကျပ် သတ်မှတ်သည်။

ပုံ xxx

( ကြည်သိန်း )
တရားသူကြီး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

မိတ္တူမှန်

၂၈.၁၁.၂၀၁၉

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်